MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

## စီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်

အောက်ဖော်ပြပါ စီမံအုပ်ချုပ်သူများ၏ လေ့လာချက်နှင့် ဆွေးနွေးသုံးသပ်ချက်များသည် မြန်မာသီလဝါ အက်(စ်) အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်းကို အခြေခံထားခြင်းဖြစ်ပြီး၊ ထိုဘဏ္ဍာရေး ရှင်းတမ်းနှင့်အတူ တွဲ၍ဖတ်ရှုနိုင်ပါသည်။ အခြားငွေကြေးအနေဖြင့် ဖော်ပြထားခြင်းမရှိပါလျှင် ငွေပမာဏဖော်ပြချက် အားလုံးမှာ မြန်မာကျပ်ငွေ ဖြစ်ပါသည်။

အဆိုပါ ဘဏ္ဍာရေးရှင်းတမ်းအား နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ (IFRSs) နှင့်အညီ ရေးဆွဲထားပြီး၊ ပြင်ပ စာရင်းစစ်ဖြစ်သည့် ဝင်းသင်နှင့်အဖွဲ့မှ စစ်ဆေးထားပြီး ဖြစ်ပါသည်။
ထို့အပြင် ဒါရိုက်တာအဖွဲ့အနေဖြင့် ၂၀၂၆ ခုနှစ်၊ ဖွန်လ (၁၂) ရက်နေ့တွင် အတည်ပြုပြီးဖြစ်ပါသည်။

### မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက် (“MJTD”)

မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက်ကို သီလဝါ အထူးစီးပွားရေးဇုန်တွင် တည်ရှိသည့် စက်မှုလုပ်ငန်း ဧရိယာ ဖွံ့ဖြိုးရေး၊ ဈေးကွက်တင်ရောင်းချခြင်း၊ နှစ်ရှည်ငှားရမ်းခြင်းနှင့် စက်မှုလုပ်ငန်းဧရိယာ လည်ပတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အတွက် တည်ထောင်ခဲ့ပါသည်။ မြန်မာသီလဝါအက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့် သက်ဆိုင်သော ကုမ္ပဏီ လီမိတက်သည် မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက်၏ မတည်ငွေရင်း အများစုကို ပိုင်ဆိုင်ထားပြီး၊ ဒါရိုက်တာအဖွဲ့ဝင် (၄) ဦးနှင့် အရာရှိအဖွဲ့ဝင် (၄) နေရာတို့ကို စေလွှတ်တာဝန်ပေးကာ စဉ်ဆက်မပြတ် စီမံအုပ်ချုပ်မှုများ ပြုလုပ်ထားရှိပါသည်။

မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက် သည် ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အသားတင်အမြတ် အမေရိကန် ဒေါ်လာ (၄.၇) သန်း ရရှိခဲ့ပါသည်။ စုဆောင်းပြီး အမြတ်လက်ကျန် အမေရိကန် ဒေါ်လာ (၆၄.၆) သန်း ရှိပြီး၊ ငွေသားနှင့်ဘဏ်လက်ကျန်ငွေ မှာ စုစုပေါင်း အမေရိကန် ဒေါ်လာ (၅၅.၈) သန်း ရှိပါသည်။ ယခုဘဏ္ဍာရေးနှစ်အတွင်း မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက်သည် ရင်းနှီးမြှုပ်နှံလိုသူများထံမှ နှစ်ရှည်မြေယာငှားရမ်းမှုအတွက် မြေဧရိယာ (၃.၉) ဟက်တာ အတည်ပြုလက်မှတ်များ ရေးထိုးနိုင်ခဲ့ပါသည်။ ၎င်းသည် ကုမ္ပဏီ၏ ပုံမှန်လည်ပတ်လျက်ရှိသည့် လုပ်ငန်းများနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းမှ ဝင်ငွေစီးဆင်းမှုများ အပါအဝင် ကဏ္ဍအသီးသီးတွင် စဉ်ဆက်မပြတ် တိုးတက်မှုများ ရရှိလျက်ရှိကြောင်း ထင်ဟပ်ဖော်ပြလျက် ရှိပါသည်။ ထို့ကြောင့် ကုမ္ပဏီ၏ ဝင်ငွေရရှိမှု အခြေခံအုတ်မြစ်မှာ ပိုမိုခိုင်မာလာလျက်ရှိပြီး၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် အားကောင်းသည့် အလားအလာများကို ဆက်လက်ဖော်ဆောင်နိုင်ခဲ့ပါသည်။

မြန်မာ-ဂျပန် သီလဝါ ဒတ်ပလော့မင့်လီမိတက်သည် စီးပွားဖြစ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးကို အစီရင်ခံစာတင်ပြသည့် ကာလအကုန်တွင် စုစုပေါင်း (၅.၄) မဂ္ဂါဝပ်အထိ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပြီး၊ လုပ်ငန်းစု၏ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာ မဟာဗျူဟာနှင့်အညီ (၂) မဂ္ဂါဝပ် ထပ်မံတိုးချဲ့မှုကို ၂၀၂၆ ခုနှစ်၊ ဧပြီလတွင် အောင်မြင်စွာ အပြီးသတ်နိုင်ခဲ့ပါသည်။ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းမှ စုစုပေါင်း ၃၀ မဂ္ဂါဝပ်အထိ အဆင့်ဆင့်

တိုးချဲ့ဆောင်ရွက်ရန် လျာထားပြီး၊ ၎င်းသည် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍ တိုးတက်ရေးအတွက် ရေရှည်သန္နိဋ္ဌာန် ချမှတ်ဆောင်ရွက်နေမှုကို ထင်ဟပ်ဖော်ပြလျက် ရှိပါသည်။ အဆိုပါ စီမံကိန်းမှ ပုံမှန်နှင့် ရေရှည်တည်တံ့သော ဝင်ငွေစီးဆင်းမှု တစ်ရပ်ကို ဖန်တီးပေးနိုင်မည်ဖြစ်ရာ ကုမ္ပဏီ၏ ဝင်ငွေရရှိမှု အရင်းအမြစ်များကို ပိုမိုစုံလင် ကွဲပြားလာစေမည်ဖြစ်ပြီး၊ လုပ်ငန်းစု၏ ရေရှည်တည်တံ့ခိုင်မြဲသော တိုးတက်မှုရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် အရေးပါသော အထောက်အပံ့တစ်ရပ်အဖြစ် ပါဝင်လျက်ရှိပါသည်။

**သီလဝါ ပရောပါတီး ဒတ်ပလော့မင့်လီမိတက် (“TPD”)**

သီလဝါ ပရောပါတီး ဒတ်ပလော့မင့်လီမိတက် ကို သီလဝါအထူးစီးပွားရေးဇုန်တွင် တည်ရှိသည့် လူနေအိမ်ရာနှင့် စီးပွားရေး ဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် နှစ်ရှည်ငှားရမ်းခြင်း လုပ်ငန်းများ လုပ် ဆောင်ရန် တည်ထောင်ခဲ့ပါသည်။ သီလဝါ ပရောပါးတီး ဒတ်ပလော့မင့်လီမိတက်ကို သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီကုမ္ပဏီ (“TSMCC”)နှင့် ဖက်စပ်ဖွဲ့စည်းတည်ထောင်ထားပြီး၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှု ကော်မတီ ကုမ္ပဏီ (“TSMCC”)မှ အစုရှယ်ယာ (၂၀) ရာခိုင်နှုန်းနှင့် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့် သက်ဆိုင်သောကုမ္ပဏီ လီမိတက်မှ (၈၀) ရာခိုင်နှုန်း အသီးသီးပိုင်ဆိုင်ကြပါသည်။

၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးခဲ့သော ဘဏ္ဍာရေးနှစ်အတွက် သီလဝါ ပရောပါတီး ဒတ်ပလော့မင့်လီမိတက် အနေဖြင့် အသားတင်အမြတ် ကျပ် (၆၀၃) သန်း ရရှိခဲ့ပါသည်။ ယခုဘဏ္ဍာရေးနှစ်အတွင်း ရင်းနှီးမြှုပ်နှံလိုသူများထံမှ ဆိုင်ခန်း လေးလုံးအတွက် အတည်ပြုလက်မှတ် ရေးထိုးနိုင်ခဲ့ပြီး၊ ထပ်တိုးအနေဖြင့် ဆိုင်ခန်း ခြောက်လုံးအတွက် ကြိုတင် စာရင်းသွင်းခြင်းအား လက်ခံရရှိခဲ့ပါသည်။ အဆိုပါ အိမ်ခြံမြေများ ရောင်းချခြင်းနှင့် ငှားရမ်းခြင်းတို့မှ ရရှိသော ဝင်ငွေများနှင့် အကျိုးအမြတ်များသည် ကုမ္ပဏီ၏ ဝင်ငွေကို ပိုမိုခိုင်မာစေသည့်အပြင် လက်ရှိဘဏ္ဍာရေးနှစ်၏ လုပ်ငန်းဆောင်ရွက်မှု ရလာဒ် များကိုလည်း ပိုမိုကောင်းမွန်လာစေရန် ပံ့ပိုးပေးလျက် ရှိနေသည်ကို တွေ့ရပါသည်။

ကုမ္ပဏီတွင် စုဆောင်းပြီး အမြတ်လက်ကျန် ကျပ် (၁၀.၉) ဘီလီယံ ရှိခဲ့ပြီး၊ ငွေသားနှင့်ဘဏ်လက်ကျန်ငွေမှာ ကျပ် (၆.၈) ဘီလီယံ ရှိပါသည်။ ယင်းပမာဏတွင် နိုင်ငံခြားငွေဖြင့် ထိန်းသိမ်းထားသော ပုံသေအပ်နှံငွေ အမေရိကန်ဒေါ်လာ ၁.၄ သန်း ပါဝင်ပါသည်။ အဆိုပါခိုင်မာသော ငွေသားစီးဆင်းမှုနှင့် ငွေကြေးလက်ကျန်အခြေအနေများသည် ကုမ္ပဏီ၏ ငွေကြေး လည်ပတ်နိုင်စွမ်း အားကောင်းမှုကို ထင်ဟပ်စေပြီး၊ လက်ရှိနှင့် အနာဂတ်တွင် ဆက်လက်အကောင်အထည်ဖော်မည့် အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းအတွက် ထိရောက်စွာ ပံ့ပိုးပေးနိုင်မည့် အခြေခံကောင်းတစ်ရပ်ကို ဖော်ဆောင်ပေးလျက်ရှိပါသည်။

သီလဝါ ပရောပါတီး ဒတ်ပလော့မင့်လီမိတက် ၏ (၃.၃) မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းကို ၂၀၂၆ ခုနှစ်၊ မေလတွင် အောင်မြင်စွာ အပြီးသတ်နိုင်ခဲ့ပြီး၊ စီးပွားဖြစ် ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းကို စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ စီမံကိန်းမှ စီးပွားဖြစ် လုပ်ငန်းလည်ပတ်မှုအဆင့်သို့ ဝင်ရောက်နိုင်ခြင်းသည် နောင်လာမည့် ဘဏ္ဍာရေးနှစ်များအတွက် ကုမ္ပဏီ၏ ဝင်ငွေရရှိမှု လမ်းကြောင်းများကို တည်ငြိမ်ခိုင်မာစွာ ပံ့ပိုးပေးနိုင်မည့် အရေးပါသော အဆင့်တစ်ခုအဖြစ် သတ်မှတ်နိုင်ပါသည်။ ထို့အပြင် အဆိုပါ စီမံကိန်းသည် ကုမ္ပဏီ၏ ဝင်ငွေအရင်းအမြစ်များကို ပိုမိုခိုင်မာစေရုံသာမက ပတ်ဝန်းကျင်ဆိုင်ရာ တည်တံ့ခိုင်မြဲရေး ရည်မှန်းချက်များနှင့် ကိုက်ညီစွာ ကာဗွန်ထုတ်လွှတ်မှု

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

လျှော့ချရေးကိုလည်း အထောက်အကူပြုလျက်ရှိပြီး၊ သန့်ရှင်းသော စွမ်းအင်အသွင်ကူးပြောင်းမှုကို အထင်အရှား ဖော်ပြနေပါသည်။

**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (“MTSH”)**

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် ၂၀၁၃ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အများပိုင်ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်၊ မေလ (၂၀) ရက်နေ့တွင် ရန်ကုန်စတော့အိပ်ချိန်းတွင် ဒုတိယမြောက် စာရင်းဝင်သည့် ကုမ္ပဏီတစ်ခု ဖြစ်လာခဲ့ပါသည်။

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အနေဖြင့် ၂၀၂၆ ခုနှစ် မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အသားတင်အမြတ်ငွေ ကျပ် (၁၀.၈) ဘီလီယံ ရရှိခဲ့ပါသည်။ ဘဏ္ဍာရေးနှစ်အတွင်း ရရှိသည့် အမြတ်ငွေများတွင် မြန်မာ-ဂျပန် သီလဝါ ဒတ်ပလေ့မင့်လီမိတက်၏ (၁၀) နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် ရရှိသော စီမံခန့်ခွဲမှုဆိုင်ရာ ဆုကြေးများ၊ ဆိုလာပြားများ ရောင်းချမှုအတွက် ကော်မရှင်ခဝင်ငွေများ၊ စီမံအုပ်ချုပ်မှုဆိုင်ရာ ဝင်ငွေများနှင့် တွဲဖက်ကုမ္ပဏီများမှ ရရှိသည့် အချိုးကျ အသားတင်အမြတ်ငွေများ ပါဝင်ပါသည်။ သို့ရာတွင် ယခင်ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက အသားတင်အမြတ်ငွေ အနည်းငယ်လျော့နည်းခဲ့ခြင်းမှာ အဓိကအားဖြင့် ယခင်နှစ်ရှိ ကုန်စည်ရောင်းချမှုနှင့် ကုန်သွယ်ရေးလုပ်ငန်းများမှ ရရှိသော ဝင်ငွေများနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း အမြတ်များ၏ အကျိုးသက်ရောက်မှုတို့ကြောင့် ဖြစ်ပါသည်။

၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့အထိ လက်ငင်းမဟုတ်သောရရန်ပိုင်ခွင့်များ တိုးမြင့်လာရခြင်းမှာ အနာဂတ်ကာလ စီမံကိန်းများအတွက် မြေနေရာဝယ်ယူထားခြင်းနှင့် တွဲဖက်ကုမ္ပဏီ၏ အချိုးကျအသားတင်အမြတ် တိုးလာခြင်းတို့ကြောင့် ဖြစ်ပါသည်။ လက်ငင်းမဟုတ်သောရရန်ပိုင်ခွင့်များ စုစုပေါင်း ကျပ် (၈၅.၄) ဘီလီယံ ရှိပြီး၊ ၎င်းတို့အနက် (၆၈) ရာခိုင်နှုန်းမှာ တွဲဖက်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှု ပြုထားသည့် ပိုင်ဆိုင်မှုများ ဖြစ်ပါသည်။

ကုမ္ပဏီ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် စုဆောင်းပြီး အမြတ်လက်ကျန် မှာ ကျပ် (၅၂.၆) ဘီလီယံရှိပြီး၊ ငွေသားနှင့် ဘဏ်လက်ကျန်ငွေ မှာ ကျပ် (၇.၁) ဘီလီယံ ရှိပါသည်။ ဤဖွဲ့စည်းမှုသည် ကုမ္ပဏီ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာနှင့် ကိုက်ညီစွာ ရင်းနှီးမြှုပ်နှံမှုအခြေခံကို ခိုင်မာစေပြီး၊ အနာဂတ်စီမံကိန်းများအတွက် တည်ငြိမ်သော ပိုင်ဆိုင်မှုအခြေခံကို ပံ့ပိုးပေးလျက်ရှိပါသည်။

**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီ (“MTSH အုပ်စု”)**

**ဘဏ္ဍာရေးရှင်းတမ်း၏ ဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်းပေါင်းချုပ်**

| | ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက် **(ကျပ်သန်းပေါင်း)** | ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက် **(ကျပ်သန်းပေါင်း)** | ပြောင်းလဲချက် |
|---|---|---|---|
| ဝင်ငွေ | ၁၀,၇၃၅ | ၂၀,၀၉၆ | ▼ |
| ဝင်ငွေအပေါ် မူရင်းကုန်ကျစရိတ် | (၃,၅၅၄) | (၁၃,၇၇၁) | ▼ |
| **အကြမ်းအမြတ်** | **၇,၁၈၁** | **၆,၃၂၅** | ▲ |
| ဘဏ္ဍာရေးစရိတ်များ | - | (၁၅) | ▼ |
| အရောင်းနှင့် စီမံအသုံးစရိတ် | (၃,၄၅၉) | (၃,၉၃၆) | ▼ |
| တွဲဖက်ကုမ္ပဏီ၏ အချိုးကျအသားတင်အမြတ် | ၇,၀၆၀ | ၄,၃၉၃ | ▲ |
| **လုပ်ငန်းလည်ပတ်မှုအမြတ်ငွေ** | **၁၀,၇၈၂** | **၆,၇၆၇** | ▲ |
| အခြားနည်းလမ်းမှရသည့်ဝင်ငွေ | ၁,၁၃၅ | ၇၄၀ | ▲ |
| နိုင်ငံခြားငွေကြေးလဲလှယ်မှု အမြတ်/ (အရှုံး) | ၂၂၄ | ၇,၂၃၉ | ▼ |
| **အခွန်မလျာထားမီ စုစုပေါင်းအမြတ်** | **၁၂,၁၄၁** | **၁၄,၇၄၆** | ▼ |
| ဝင်ငွေခွန်စရိတ် | (၇၁၅) | (၁,၅၁၅) | ▼ |
| **အသားတင်အမြတ်** | **၁၁,၄၂၆** | **၁၃,၂၃၁** | ▼ |

| | | | |
|---|---|---|---|
| အသားတင်အမြတ် ရာခိုင်နှုန်း | ၁၀၆% | ၆၆% | ▲ |

| | | | |
|---|---|---|---|
| အစုရှယ်ယာတစ်စောင်၏ ဝင်ငွေ (ကျပ်) | ၂၉၀ | ၃၃၃ | ▼ |

၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၏ ဝင်ငွေမှာ ကျပ် (၁၀.၇) ဘီလီယံ ဖြစ်ပါသည်။ အဓိကအားဖြင့် မြန်မာ-ဂျပန် သီလဝါ ဒေါ်ပလော့မင့်လီမိတက်၏ (၁၀) နှစ်ပြည့် အထိမ်းအမှတ်အနေဖြင့် ရရှိသည့် စီမံခန့်ခွဲမှု ဆိုင်ရာ ဆုကြေးများ၊ ဆိုလာပြားများ ရောင်းချရမှုအတွက် ကော်မရှင်ခဝင်ငွေများ၊ လူနေအိမ်ရာနှင့် စီးပွားရေး ဆိုင်ရာ အဆောက်အအုံများ စုစုပေါင်း လေးလုံး ရောင်းချရခြင်းတို့အတွက် ရရှိသည့် ဝင်ငွေများမှ ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ သို့ရာတွင် ယခင်ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက အသားတင်အမြတ်ငွေ အနည်းငယ်လျော့နည်းခဲ့ခြင်းမှာ ယခုနှစ်အတွင်း ကုန်စည်ရောင်းချမှု၊ ကုန်သွယ်ရေးလုပ်ငန်းများမှ ရရှိသော ဝင်ငွေနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း အမြတ်များ မရှိခြင်းကြောင့် ဖြစ်ပါသည်။

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

လုပ်ငန်းကဏ္ဍတစ်ခုချင်းစီမှ ရရှိသော စုစုပေါင်းအမြတ် မြင့်တက်လာခြင်းကြောင့် အကြမ်းအမြတ်သည် ကျပ် (၇.၂) ဘီလီယံသို့ မြင့်တက်လာခဲ့ပါသည်။ ယင်းအခြေအနေသည် ယခင်ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက အကြမ်းအမြတ်အချိုးကို (၃၁) ရာခိုင်နှုန်းမှ (၆၇) ရာခိုင်နှုန်းသို့ သိသာစွာ မြင့်တက်လာစေခဲ့သည်ကို ထင်ဟပ်စေပါသည်။ ဤတိုးတက်မှုသည် လုပ်ငန်းကဏ္ဍများအလိုက် ဝင်ငွေဖွဲ့စည်းပုံ ပိုမိုကောင်းမွန်လာခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုစွမ်းဆောင်ရည်များ တိုးတက်လာခြင်းတို့၏ အကျိုးရလဒ် ဖြစ်ပါသည်။

ယခုဘဏ္ဍာရေးနှစ်အတွင်း တွဲဖက်ကုမ္ပဏီမှ အမြတ်အစွန်းများ သိသိသာသာ မြင့်တက်လာခြင်းကြောင့် ကုမ္ပဏီ၏ အချိုးကျအသားတင်အမြတ်ငွေသည် ယခင်ဘဏ္ဍာရေးနှစ်တွင် ကျပ် (၄.၄) ဘီလီယံသာ ရရှိခဲ့ရာမှ ယခုဘဏ္ဍာရေးနှစ်တွင် ကျပ် (၇.၁) ဘီလီယံအထိ သိသာထင်ရှားစွာ တိုးတက်လာခဲ့ပါသည်။ ဤတိုးတက်မှုသည် တွဲဖက်ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုစွမ်းဆောင်ရည် ကောင်းမွန်လာခြင်းနှင့် အမြတ်အစွန်းရရှိမှု တိုးတက်လာခြင်းတို့ကို ထင်ဟပ်စေပြီး၊ ကုမ္ပဏီ၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှ အကျိုးအမြတ်ရရှိနိုင်မှုကို ပိုမိုခိုင်မာစေသည့် အရေးပါသော အချက်တစ်ရပ်အဖြစ် သတ်မှတ်နိုင်ပါသည်။

၂၀၂၆ ခုနှစ် မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းစု၏ အသားတင်အမြတ်ငွေမှာ ကျပ် (၁၁.၄) ဘီလီယံ ရရှိခဲ့ပြီး၊ ယင်းအနက် ကုမ္ပဏီ၏ အစုရှင်များသို့ ခွဲဝေသက်ဆိုင်သော အသားတင်အမြတ်ငွေမှာ ကျပ် (၁၁.၃) ဘီလီယံ ဖြစ်ပါသည်။ ယခင်ဘဏ္ဍာရေးနှစ် လုပ်ငန်းစု၏ အသားတင်အမြတ်မှာ (၁၃.၂) ဘီလီယံ ဖြစ်ပြီး၊ ယခုနှစ်တွင် အနည်းငယ် ကျဆင်းသွားရခြင်းမှာ နိုင်ငံခြားငွေကြေးလဲလှယ်နှုန်းတွင် သိသာထင်ရှားသော အတက်အကျ မရှိခြင်းကြောင့် ဖြစ်ပါသည်။ သို့ရာတွင် လုပ်ငန်းဆောင်ရွက်မှုများ၏ အမြတ်အစွန်းရရှိနိုင်စွမ်း ပိုမိုကောင်းမွန်လာခြင်းနှင့် ဝင်ငွေရင်းမြစ်များ တိုးတက်ကောင်းမွန်လာခြင်းတို့ကြောင့် အသားတင်အမြတ်အချိုး (Net Profit Margin) သည် ယခင်ဘဏ္ဍာရေးနှစ်၏ (၆၆) ရာခိုင်နှုန်းမှ ယခုဘဏ္ဍာရေးနှစ်တွင် (၁၀၆) ရာခိုင်နှုန်းအထိ သိသာစွာ မြင့်တက်လာခဲ့ပါသည်။

ယေဘူယျအားဖြင့် အထက်ဖော်ပြပါ အခြေအနေများကြောင့် ရှယ်ယာတစ်စု၏ အခြေခံဝင်ငွေသည် ယခုဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကျပ် (၂၉၀) ဖြစ်ပြီး၊ နှိုင်းယှဉ်ကာလတွင် ရှယ်ယာတစ်စု၏ အခြေခံဝင်ငွေသည် ကျပ် (၃၃၃) ဖြစ်ခဲ့ပါသည်။

**ကုမ္ပဏီအုပ်စု၏ လက်ကျန်ရှင်းတမ်းအနှစ်ချုပ်**

| | ၂၀၂၆ ခုနှစ်၊ မတ်လ(၃၁)ရက် **(ကျပ်သန်းပေါင်း)** | ၂၀၂၅ နှစ်၊ မတ်လ(၃၁)ရက် **(ကျပ်သန်းပေါင်း)** | ပြောင်းလဲချက် |
|---|---|---|---|
| **ရရန်ပိုင်ခွင့်များ** | | | |
| လက်ငင်းရရန်ပိုင်ခွင့်များ | ၃၆,၂၁၁ | ၄၆,၆၈၅ | ▼ |
| လက်ငင်းမဟုတ်သောရရန်ပိုင်ခွင့်များ | ၈၀,၆၂၈ | ၅၉,၂၅၉ | ▲ |
| **စုစုပေါင်း ရရန်ပိုင်ခွင့်များ** | **၁၁၆,၈၃၉** | **၁၀၅,၉၄၄** | ▲ |
| **ပေးရန်တာဝန်များ** | | | |
| လက်ငင်းပေးရန်တာဝန်များ | ၃,၃၆၇ | ၄,၄၅၂ | ▼ |
| လက်ငင်းမဟုတ်သောပေးရန်တာဝန်များ | ၈,၀၁၄ | ၆၃ | ▲ |
| **စုစုပေါင်းပေးရန်တာဝန်များ** | **၁၁,၃၈၁** | **၄,၅၁၅** | ▲ |
| **အသားတင်ရရန်ပိုင်ခွင့်များ** | **၁၀၅,၄၅၈** | **၁၀၁,၄၂၉** | ▲ |
| **ရင်းနှီးငွေ** | | | |
| ထုတ်ဝေပြီး မတည်ငွေ | ၃၈,၉၂၉ | ၃၈,၉၂၉ | - |
| စုဆောင်းပြီး အမြတ်လက်ကျန် | ၅၈,၃၄၀ | ၅၄,၄၃၁ | ▲ |
| ထိန်းချုပ်မှုမရှိသောပိုင်ဆိုင်မှုများ | ၈,၁၈၉ | ၈,၀၆၉ | ▲ |
| **စုပေါင်းရင်းနှီးငွေ** | **၁၀၅,၄၅၈** | **၁၀၁,၄၂၉** | ▲ |

အစီရင်ခံစာတင်ပြသည့် ကာလအတွင်း၌ ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းစာရင်းရှိ ဆိုင်ခန်းများကို ကုန်လက်ကျန်စာရင်းသို့ ပြောင်းရွှေ့စာရင်းသွင်းခြင်းအတွက် လက်ငင်းရရန်ပိုင်ခွင့်များ တိုးပွားလာခဲ့သော်လည်း၊ အနာဂတ်ကာလစီမံကိန်းများအတွက် မြေနေရာများဝယ်ယူခြင်း၊ ရှယ်ယာရှင်များအား အမြတ်ဝေစု ခွဲဝေပေးခြင်း၊ ပုံသေအပ်နှံငွေများကို သက်ဆိုင်ရာစာရင်းအမျိုးအစားများသို့ ပြန်လည်အမျိုးအစားခွဲခြားသတ်မှတ်ခြင်းနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းအတွက် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကုန်ကျစရိတ်များ ပေးချေခဲ့ခြင်းတို့ကြောင့် လက်ငင်းရရန်ပိုင်ခွင့်များ၏ စုစုပေါင်းပမာဏအချို့မှာ လျော့နည်းခဲ့ပါသည်။ သို့သော်၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ငွေသားနှင့်ဘဏ်လက်ကျန်ငွေ ကျပ် (၁၃.၉) ဘီလီယံ အပါအဝင် လက်ငင်းရရန်ပိုင်ခွင့်များ ပမာဏစုစုပေါင်း ကျပ် (၃၆.၂) ဘီလီယံကို ထိန်းသိမ်းထားနိုင်ခဲ့ပြီး၊ ယင်းသည် ကုမ္ပဏီ၏ ခိုင်မာသော ငွေကြေးလည်ပတ်နိုင်စွမ်းနှင့် လက်ရှိလုပ်ငန်း လည်ပတ်မှုများအပြင် အနာဂတ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ပံ့ပိုးပေးနိုင်သည့် ငွေကြေးအင်အားကို ထင်ဟပ်စေပါသည်။

အစီရင်ခံကာလအတွင်း လက်ငင်းမဟုတ်သောရရန်ပိုင်ခွင့်များ မြင့်တက်လာရခြင်းမှာ အဓိကအားဖြင့် တွဲဖက်ကုမ္ပဏီမှ ရရှိသည့် အချိုးကျ အသားတင်အမြတ်ငွေ တိုးတက်လာခြင်း၊ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအတွက် မြေနေရာများ

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

ဝယ်ယူခဲ့ခြင်း နှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်း ဆောင်ရွက်ခြင်းအတွက် ကုန်ကျစရိတ်များကို ပုံသေပိုင်ပစ္စည်းအဖြစ် စာရင်းသွင်းခြင်း၊ အာမခံထားသော ပုံသေအပ်နှံငွေများကို လက်ငင်းမဟုတ်သောရရန်ပိုင်ခွင့်များ အဖြစ် အမျိုးအစားပြောင်းလဲစာရင်းသွင်းခြင်းတို့ကြောင့် ဖြစ်ပါသည်။ လက်ငင်းမဟုတ်သောရရန်ပိုင်ခွင့်များ ကျပ် (၈၀.၆) ဘီလီယံအနက် တွဲဖက်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှု ကျပ် (၅၇.၈) ဘီလီယံ ဖြစ်ပါသည်။ အဆိုပါ ပိုင်ဆိုင်မှုသည် ကုမ္ပဏီ၏ ရေရှည်တိုးတက်မှုကို ဦးတည်သည့် မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုများနှင့် အနာဂတ်စီမံကိန်းများအတွက် အရင်းအနှီး အသုံးချမှုများကို ဆက်လက် အကောင်အထည်ဖော်လျက်ရှိကြောင်း ထင်ဟပ်စေပါသည်။ ထို့အပြင် တွဲဖက်ကုမ္ပဏီများနှင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် ထည့်ဝင်ရင်းနှီးမြှုပ်နှံထားသည့် ပမာဏမြင့်မားမှုသည် ကုမ္ပဏီ၏ ရေရှည်တန်ဖိုး ဖန်တီးရေးနှင့် အနာဂတ်ဝင်ငွေရရှိမှု အခြေခံကို ခိုင်မာစေရန် ရည်ရွယ်ထားသော မဟာဗျူဟာမြောက် ကတိကဝတ်များ ကိုလည်း ထင်ရှားစွာ ဖော်ပြလျက်ရှိပါသည်။

လက်ငင်းပေးရန်တာဝန်များ ကျပ် (၄.၅) ဘီလီယံမှ ကျပ် (၃.၄) ဘီလီယံသို့ လျော့နည်းသွားရခြင်းမှာ လျှော်ဘေးသင့် ပြည်သူများအတွက် လှူဒါန်းရန် လျာထားသော ပေးရန်တာဝန်များနှင့် အခွန်ပေးရန်တာဝန်များကို နှစ်အတွင်း ပေးချေမှုတို့ကြောင့် ဖြစ်ပါသည်။

လက်ငင်းမဟုတ်သောပေးရန်တာဝန်များသည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကျပ် (၇.၉) ဘီလီယံခန့် တိုးမြင့် လာခဲ့ပါသည်။ ယင်းတိုးမြင့်မှု၏ အဓိကအကြောင်းရင်းမှာ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွင်း ဘဏ်ချေးငွေ ကျပ် (၈) ဘီလီယံ ရယူခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ အဆိုပါချေးငွေသည် ကုမ္ပဏီ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေအရင်းအမြစ် ကွဲပြား စုံလင်ရေး မဟာဗျူဟာကို အထောက်အကူပြုမည့် ရင်းနှီးမြှုပ်နှံမှုတစ်ရပ်အတွက် အသုံးပြုထားခြင်း ဖြစ်ပါသည်။

၂၀၂၆ ခုနှစ် မတ်လ (၃၁) ရက်နေ့ရှိ စာရင်းများအရ စုဆောင်းပြီး အမြတ်လက်ကျန်သည် ယခင်ဘဏ္ဍာရေးနှစ်၏ ကျပ် (၅၄.၄) ဘီလီယံမှ ကျပ် (၅၈.၃) ဘီလီယံသို့ တိုးတက်လာခဲ့ပြီး၊ စုစုပေါင်း ကျပ် (၃.၉) ဘီလီယံခန့် မြင့်တက်ခဲ့ပါသည်။ အဆိုပါ စုဆောင်းပြီး အမြတ်လက်ကျန်သည် ယခုဘဏ္ဍာရေးနှစ်အတွင်း ရရှိခဲ့သော အသားတင်အမြတ်ငွေမှ အစုရှယ်ယာရှင်များအား ပေးအပ်ခဲ့သည့် အမြတ်ဝေစုများကို နုတ်ပယ်ပြီးနောက် ကျန်ရှိသော အမြတ်ငွေများကြောင့် တိုးတက်လာခဲ့ခြင်း ဖြစ်ပါသည်။

**အဓိက ဘဏ္ဍာရေးဆိုင်ရာ အချိုးအစားများ**

| ဘဏ္ဍာရေးဆိုင်ရာ အချိုးအစားများ | | အစီရင်ခံကာလပြီးဆုံးသည့်အချိန်ကာလ | |
|---|---|---|---|
| | | ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁) ရက် | ၂၀၂၅ နှစ်၊ မတ်လ (၃၁)ရက် |
| အမြတ်အစွန်းဆိုင်ရာ အချိုးအစားများ | | | |
| ပိုင်ဆိုင်မှုများအပေါ် အကျိုးအမြတ်ပြန်ရနှုန်း | % | ၁၀% | ၁၂% |
| အစုရှယ်ယာရှင်များ၏ ရင်းနှီးမြှုပ်နှံမှုအပေါ် အမြတ်ရရှိမှုအချိုး | % | ၁၁% | ၁၃% |
| ငွေကြေးလည်ပတ်မှုဆိုင်ရာ အချိုးအစားများ | | | |
| လက်ရှိပိုင်ဆိုင်မှုနှင့် ပေးရန်တာဝန်အချိုး | အဆ | ၁၀.၈ | ၁၀.၅ |
| ရှယ်ယာတစ်စုချင်းစီ၏ အမြတ်အစွန်း | | | |
| ရှယ်ယာတစ်စုချင်းစီ၏ အမြတ်အစွန်း | ကျပ် | ၂၉၀ | ၃၃၃ |

**ဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ် တိုးတက်မှုဆိုင်ရာ ဦးတည်ချက်များ**

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကုမ္ပဏီအုပ်စုအနေဖြင့် စက်မှုဇုန်လုပ်ငန်း၊ အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လုပ်ငန်းများကို ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် မိမိတို့၏ ရပ်တည်မှုကို ဆက်လက်ခိုင်မာစေခဲ့ပါသည်။ ကုမ္ပဏီအုပ်စု၏ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာသည် ရေရှည်ပုံမှန်ဝင်ငွေရရှိမည့် လုပ်ငန်းကဏ္ဍများကို တိုးချဲ့ရန်၊ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ကြံ့ကြံ့ခံနိုင်ရည်စွမ်းအားကို မြှင့်တင်နိုင်ရန်နှင့် အစုရှယ်ယာရှင်များအတွက် ရေရှည်တည်တံ့သောတန်ဖိုးများ ဖန်တီးပေးနိုင်ရန် စသည်တို့ အပေါ်တွင် ဆက်လက် အာရုံ စိုက်ထားလျက်ရှိပါသည်။ သီလဝါအထူးစီးပွားရေးဇုန် ဂေဟစနစ် (Ecosystem) အတွင်းရှိ ငှားရမ်းခြင်းလုပ်ငန်း၊ ပြုပြင်ထိန်းသိမ်းမှုဝန်ဆောင်မှုလုပ်ငန်းများနှင့် စဉ်ဆက်မပြတ်လည်ပတ်နေသော စီးပွားရေးလုပ်ငန်းများမှ ရရှိသည့် ပုံမှန်ဝင်ငွေများကြောင့် ကုမ္ပဏီအုပ်စု၏ အဓိကရင်းနှီးမြှုပ်နှံမှုဖြစ်သော စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် တည်ငြိမ်သော လုပ်ငန်းလည်ပတ်မှု စွမ်းဆောင်ရည်ကို ဆက်လက် ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာနိုင်ခြင်းသည်လည်း လုပ်ငန်းစုံလင်ကွဲပြားပြီး ရေရှည်တည်တံ့သော စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှုဆီသို့ ဦးတည်သည့် ကုမ္ပဏီအုပ်စု၏ မဟာဗျူဟာမြောက် ဦးတည်ချက်ကို ပိုမိုခိုင်မာ အားကောင်းစေခဲ့ပါသည်။

အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကဏ္ဍတွင် လက်ရှိဆောင်ရွက်နေသော အခြေခံအဆောက်အအုံ မြှင့်တင်ဆောင်ရွက်မှုများနှင့် ဆက်လက်လုပ်ဆောင်နေသည့် စီးပွားဖြစ်အသုံးချမှုလုပ်ငန်းစဉ်များသည် ပိုင်ဆိုင်မှုတန်ဖိုး (Asset value) ခိုင်မာအားကောင်းလာစေရန်နှင့် လုပ်ငန်းလည်ပတ်ရန် အဆင်သင့် ဖြစ်ထွန်းစေခဲ့ပါသည်။ အိမ်ခြံမြေ လုပ်ငန်းစုအတွင်းသို့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများ ပေါင်းစပ်ထည့်သွင်းခြင်းဖြင့် လုပ်ငန်းလည်ပတ်မှုစွမ်းဆောင်ရည်ကို အထောက်အကူပြုနိုင်ရန်၊ ဝင်ငွေရရှိမည့် လမ်းကြောင်းများကို ပိုမိုကျယ်ပြန့်လာနိုင်စေရန်နှင့် ကုမ္ပဏီအုပ်စု၏ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ရေရှည်တည်တံ့မှု ရည်မှန်းချက်များနှင့် ကိုက်ညီမှုရှိစေရန် မျှော်မှန်းထားလျက် ရှိပါသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍသည် ကုမ္ပဏီအုပ်စု၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာတွင် အဓိကမဏ္ဍိုင်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေပါသည်။ ကုမ္ပဏီအုပ်စု၏ လုပ်ငန်းကဏ္ဍအသီးသီးတွင် နေရောင်ခြည်စွမ်းအင်သုံး (Solar) စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ခြင်းနှင့် တိုးချဲ့လုပ်ကိုင်ခြင်းများသည် သန့်ရှင်းသောစွမ်းအင်ထုတ်လုပ်မှု၊ စွမ်းအင်လုံခြုံစိတ်ချရမှုနှင့် ရေရှည်တည်တံ့သော အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုတို့အပေါ်ထားရှိသည့် ရေရှည်ကတိကဝတ်ကို ထင်ဟပ်စေပါသည်။ ယခုစီမံကိန်းများသည် စီးပွားဖြစ်လည်ပတ်နိုင်သည့်အဆင့်သို့ ရောက်ရှိရန်နှင့် နောင်တွင် ပိုမိုတိုးချဲ့နိုင်ရန် ဆောင်ရွက်လျက်ရှိသည်နှင့်အမျှ ၎င်းတို့မှတဆင့် ပုံမှန်ဝင်ငွေ ရရှိမည့် လမ်းကြောင်းသစ်များကို အပိုဆောင်း ဖြည့်တင်းပေးနိုင်မည်ဖြစ်ပြီး၊ ဝင်ငွေရရှိမှုကဏ္ဍများကို ပိုမိုစုံလင် ကွဲပြားလာစေမည်ဟု မျှော်မှန်းထားပါသည်။

ကုမ္ပဏီအုပ်စုအနေဖြင့် ရှေ့ဆက်ရရှိလာမည့် တိုးတက်မှုအခွင့်အလမ်းများ ကို အရယူနိုင်ရန် မိမိတို့၏ ခိုင်မာသော မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းမှုများ၊ တည်ငြိမ်သော မတည်ရင်းနှီးငွေအခြေခံနှင့် ဟန်ချက်ညီပေါင်းစပ်ထားသော စီးပွားရေးလုပ်ငန်းလမ်းကြောင်းတို့ကို ဆက်လက်အသုံးချသွားရန် ရည်မှန်းထားပါသည်။ အဓိကဦးစားပေး ဆောင်ရွက်သွားမည့် ကဏ္ဍများတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်မှုပမာဏကို တိုးချဲ့ခြင်း၊ ပိုင်ဆိုင်မှုများအား အထိရောက်ဆုံးအသုံးချနိုင်အောင် စီမံဆောင်ရွက်ခြင်း၊ ပုံမှန်ဝင်ငွေရှာဖွေနိုင်စွမ်းကို မြှင့်တင်ခြင်းနှင့် ရေရှည်အကျိုး ဖြစ်ထွန်းစေမည့် အခြေခံအဆောက်အအုံနှင့် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းသစ်များကို ရှာဖွေဖော်ထုတ်ခြင်းတို့ ပါဝင်မည်ဖြစ်ပါသည်။ ကုမ္ပဏီအုပ်စုအနေဖြင့် စနစ်တကျ စီမံခန့်ခွဲထားသော ရင်းနှီးမြှုပ်နှံမှု၊ ထူးချွန်ပြောင်မြောက်သော လုပ်ငန်း လည်ပတ်မှုစွမ်းဆောင်ရည်၊ အစုရှယ်ယာရှင်များနှင့် သက်ဆိုင်သူအားလုံးအတွက် ရေရှည်တန်ဖိုးများဖန်တီးပေးခြင်း တို့မှတဆင့် ရေရှည်တည်တံ့သော တိုးတက်မှုကို ဖော်ဆောင်ရန် ဆက်လက် သန္နိဋ္ဌာန် ချထားလျက် ရှိပါသည်။

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

**MANAGEMENT DISCUSSION AND ANALYSIS**

The following Management Discussion and Analysis ("MD&A") is based on Myanmar Thilawa SEZ Holdings Public Company Limited ("MTSH") Consolidated Financial Statements for the year ended 31 March 2026 ("FY2025-2026") and should be read in conjunction with those financial statements. All currency amounts in the MD&A are expressed in Myanmar Kyats unless otherwise specified.

The financial statements are prepared in accordance with International Financial Reporting Standards (IFRSs) and audited by the Independent Auditor, Win Thin & Associates Ltd.

The Board of Directors approved this document on 12 June 2026.

**Myanmar Japan Thilawa Development Limited ("MJTD")**

MJTD was established to undertake the development, marketing, leasing, and operation of the Industrial Area in Thilawa SEZ. MTSH holds a majority share of MJTD's shareholding, represented four board seats, and dispatched four key officers to support the company's strategic direction and ensure sustained operational and financial performance of MJTD.

For the year ended 31 March 2026, MJTD achieved a net profit of USD 4.7 million. Retained earnings were USD 64.6 million, while the cash and bank balance were the equivalent of USD 55.8 million. During the period, MJTD delivered 3.9 hectares of land sales. MJTD maintained a stable income stream from recurring rental and maintenance operations, complemented by contributions from solar projects of comparable capacity, reflecting consistent growth across its key business segments.

MJTD's solar energy project commenced commercial power generation and expended capacity to 5.4 MW by the end of the reporting period. Aligned with the Group's renewable energy strategy, the project advanced further with the completion of a 2 MW expansion in April 2026. Looking ahead, the total targeted capacity for the solar project is 30 MW, reflecting the Company's long-term commitment to renewable energy growth. The solar business has begun to generate an additional and recurring revenue stream, enhancing earnings diversification and supporting the Group's sustainable growth objectives.

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

**Thilawa Property Development Limited ("TPD")**

TPD was formed to undertake the development, construction, marketing, leasing, and operation of the Residential and Commercial Area in Thilawa Special Economic Zone ("Thilawa SEZ"). TPD is a joint venture with Thilawa Special Economic Zone Management Committee Company Limited ("TSMCC") in which TSMCC owns 20% and MTSH owns 80%.

TPD achieved a net profit of MMK 603 million for the fiscal year ended 31 March 2026. The Company delivered a robust financial performance, driven primarily by operational successes in the real estate sector. These milestones included the completed sale of four units of shophouses and the successful securing of six units of shophouses reservations, the financial realization of which is anticipated to contribute positively to the revenue stream in the current financial year.

As of 31 March 2026, TPD maintained strong balance sheet stability with retained earnings of MMK 10.9 billion and the cash and bank balance were the equivalent of MMK 6.8 billion (including USD 1.4 million held in foreign currency as a restricted fixed deposit). This solid liquidity position provides the financial flexibility required to support ongoing asset enhancements and strategic infrastructure.

Capitalizing on this financial depth, TPD has successfully completed and energized its 3.3 MW solar energy project as of May 2026. Upon full commercial commissioning, the project is expected to contribute incremental, sustainable revenue in the upcoming quarters. This milestone effectively diversifies the Group's income streams, drives long-term value creation, and aligns with the Company's sustainability strategy to promote clean energy generation and reduce its overall carbon footprint.

**Myanmar Thilawa SEZ Holdings Public Company Limited ("MTSH")**

Myanmar Thilawa SEZ Holdings Public Company Limited was incorporated on the 3rd of May 2013 in Myanmar under the Companies Act as a public limited company. On 20th May 2016, MTSH became the second company which is listed on the Yangon Stock Exchange.

For the year ended 31 March 2026, MTSH reported a stand-alone net profit of MMK 10.8 billion, including the income from 10th anniversary management fee bonuses, commissions from solar panel sales, management fees and share of profit from investment. The net profit decreased slightly from the prior year primarily because last year included higher trading income and foreign exchange gains.

The increase in non-current assets is the impact of the purchase of lands for future project and the recognition of the Company's share of the associate's profit for the year. As of 31 March 2026, there were MMK 85.4 billion in total non-current assets out of which 68% were related to the investment in MJTD.

The company has MMK 52.6 billion in Retained Earnings and the cash and bank balance were the equivalent of MMK 7.1 billion as of 31 March 2026, reflecting a solid capital position to support ongoing operations and strategic initiatives.

**Myanmar Thilawa SEZ Holdings Public Company Limited and Its Subsidiary ("MTSH GROUP")**

**Summarized Consolidated Income Statement for the year ended**

| | | | **Kyat in million** |
|---|---|---|---|
| | **31-Mar-26** | **31-Mar-25** | **Changes** |
| Revenue | 10,735 | 20,096 | ▼ |
| Cost of Sales | (3,554) | (13,771) | ▼ |
| **Gross Profit** | **7,181** | **6,325** | ▲ |
| Finance Costs | - | (15) | ▼ |
| Selling & administrative expenses | (3,459) | (3,936) | ▼ |
| Share of profit from associate | 7,060 | 4,393 | ▲ |
| **Operating profit** | **10,782** | **6,767** | ▲ |
| Income from non-operating activities | 1,135 | 740 | ▲ |
| Other gain/(losses) | 224 | 7,239 | ▼ |
| **Total profit before tax** | **12,141** | **14,746** | ▼ |
| Income tax expense | (715) | (1,515) | ▼ |
| **Net Profit** | **11,426** | **13,231** | ▼ |
| Net Profit Margin | 106% | 66% | ▲ |
| Earning Per Share (Kyat) | 290 | 333 | ▼ |

For the year ended 31 March 2026, the Group recorded revenue of MMK 10.7 billion, mainly from the receiving of income from 10th anniversary management fee bonuses, commissions on solar panel sales, and the sale of four units of shophouses. Revenue decreased slightly versus with the prior year because trading activity in the previous year was higher.

The gross profit is MMK 7.2 billion and the gross profit margin has increased to 67% from 31%, driven by higher-margin revenue in the current period.

The share of profit from the Group's investment in associate company, MJTD, increased significantly from MMK 4.4 billion in the prior period to MMK 7.1 billion for the associate generating higher profits during the year.

The Group achieved a net profit of MMK 11.4 billion**,** with the profit attributable to the equity shareholders of the company is MMK 11.3 billion. The net profit in the previous year was MMK 13.2 billion and it has slightly decreased due to the absence of significant foreign exchange movements during this financial year. Despite the decline in profit, net profit margin increased to 106% from 66%.

Overall, the net impact of the above factors contributes to a contraction in consolidated EPS to MMK 290 per share for the year ended 31 March 2026 from MMK 333 per share for the period in previous financial year ended 31 March 2025.

**Summarized Consolidated Statement of Financial Position as at 31 March 2026**

| | | | Kyat in million |
|---|---|---|---|
| | **31-Mar-26** | **31-Mar-25** | **Changes** |
| Assets | | | |
| Current Assets | 36,211 | 46,685 | ▼ |
| Non-Current Assets | 80,628 | 59,259 | ▲ |
| **Total assets** | **116,839** | **105,944** | ▲ |
| Liablilites | | | |
| Current liabilities | 3,367 | 4,452 | ▼ |
| Non-Current liabilities | 8,014 | 63 | ▲ |
| Total Liabilities | 11,381 | 4,515 | ▲ |
| **Net assets** | **105,458** | **101,429** | ▲ |
| Equity | | | |
| Issued and paid up capital | 38,929 | 38,929 | - |
| Retained earnings | 58,340 | 54,431 | ▲ |
| Non-controlling interest | 8,189 | 8,069 | ▲ |
| **Total equity** | **105,458** | **101,429** | ▲ |

During the reporting period, current assets decreased due to the purchase of lands, dividends payment for FY2024-2025, the reclassification of fixed deposit and payments for the solar power project, despite the transfer of shop houses from investment property to inventories. As at 31 March 2026, the Group maintained total current assets amounting to MMK 36.2 billion of which the cash and bank balance were the equivalent of MMK 13.9 billion.

Non-current assets increased during the period, primarily due to the increase of the Group's share of the profit from associate, additions to land held for future project, Construction Costs for Solar Power Project classified under Property, plant and equipment and the reclassification of fixed deposit. As at year-end, non-current assets totaled MMK 80.6 billion, of which MMK 57.8 billion represented the Group's share of net assets in MJTD. This highlights massive capital expenditure or long-term strategic investment commitments.

Current Liabilities decreased from MMK 4.5 billion to MMK 3.4 billion for the reduction of Trade and Other payables of earthquake donations and decreased in Current tax liabilities.

Non-current liabilities increased by MMK 7.9 billion as at 31 March 2026, mainly due to the increase in Borrowings for the project loan MMK 8 billion obtained in October 2025 from the Bank to finance the solar power project.

Group's retained earnings increased by MMK 3.9 billion (increase from MMK 54.4 billion to MMK 58.3 billion) on 31 March 2026, mainly due to the net impact of profit and dividends paid out to the shareholders during this financial year.

**Key Financial Ratio**

| Financial Ratios | | For Period/ Year Ended | |
|---|---|---|---|
| | | 31-Mar-26 | 31-Mar-25 |
| Profitability Ratios | | | |
| Return on Assets | % | 10% | 12% |
| Return on Equity | % | 11% | 13% |
| Liquidity Ratios | | | |
| Current Ratios | Times | 10.8 | 10.5 |
| Per-Share Profitability | | | |
| Earning per share | Kyat | 290 | 333 |

**Development and Future Growth Trends**

During FY2025–2026, the Group continued to strengthen its position through the advancement of its industrial zone, property development, and renewable energy businesses. The Group's development strategy remained focused on expanding long-term recurring income streams, enhancing operational resilience, and creating sustainable shareholder value. The Group's core investment in industrial zone development maintained stable operational performance, supported by recurring income from leasing, maintenance services, and continued business activities within the Thilawa SEZ ecosystem. The expansion of renewable energy operations further reinforced the Group's strategic direction toward diversified and sustainable business growth.

Within the property development segment, ongoing infrastructure enhancement initiatives and continued commercialization activities contributed to the strengthening of asset value and operational readiness. The integration of renewable energy infrastructure into the property portfolio is expected to support operational efficiency, broaden income sources, and align with the Group's environmental sustainability objectives. Renewable energy remains a key pillar of the Group's future development strategy. The continued implementation and expansion of solar energy projects across the Group's businesses reflect a long-term commitment to clean energy generation, energy security, and sustainable infrastructure investment. As these projects progress toward commercial operation and future expansion, they are expected to contribute additional recurring revenue streams and enhance earnings diversification.

Looking ahead, the Group intends to continue leveraging its strong strategic partnerships, stable capital foundation, and integrated business platforms to capture future growth opportunities. Priority areas will include the expansion of renewable energy capacity, optimization of asset utilization, enhancement of recurring income generation, and

exploration of new long-term infrastructure and development opportunities. The Group remains committed to sustainable growth through disciplined investment, operational excellence, and the creation of long-term value for shareholders and stakeholders.